# ဖက်ဝန်းကုန်းကျေးရွာ

# မြန်အောင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃- ၂၀၂၇)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖက်ဝန်းကုန်းကျေးရွာ၊ မြန်အောင်မြို့နယ်


(သမဝါယမနှင့်၊ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)


၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ဖက်ဝန်းကုန်းကျေးရွာအခြေပြမြေပုံ | ၃ |
| | ဖက်ဝန်းကုန်းကျေးရွာရာသီခွင်ပြမြေပုံ | ၄ |
| (၁) | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | ( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) | **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** | ၇ |
| | (က) တည်နေရာ၊ ပထဝီအနေအထား | |
| | (ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | |
| (၃) | **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** | ၇ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| | (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | (င) ကျန်းမာရေးနှင့်အဟာရ | |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) | **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** | ၁၀ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| | ( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | ( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| | ( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | ( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၅

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်ရေးနည်းဗျူဟာ

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ** ၁၆

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးခြင်း

(၈) **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၈

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၁၉

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ** ၂၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၃

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ(၁)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှာရမည့် စိန်းခေါ်မှုများ** ၂၅

(က) ကျေးရွာတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

( ခ) အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှာရမည့်စိန်ခေါ်မှုများ

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၅

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၃၀

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား ၃၁

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၂

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ၃၃

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၃၄

ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၃၅

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ ၃၆

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၇

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၃၉

**(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၄၀

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များ ၄၁

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၄၂

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၄၄

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၄၅

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၄၅

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၆

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၄၇

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၄၈

ဇယား၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၄၉

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်

| | | |
|---|---|---|
| | စိန်ခေါ် မှုများ | ၅၁ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ | |
| ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ | |
| | အတွက် ပြဿနာနှင့်အခက်အခဲများ | ၅၃ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၅၄ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၅၅ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၅၅ |
| ဇယား ၂၇ | ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု | |
| | အခြေအနေ | ၅၆ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း | ၅၇ |
| ဇယား၂၉ | သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် | |
| | စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့် နှင့် အခက် | |
| | အခဲများ | ၅၈ |
| ဇယား ၃၀ | မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာ | |
| | ပြီးစီးမှုနှုန်း | ၅၉ |
| ဇယား ၃၁ | ကျောင်းတက်နှုန်း | ၆၀ |
| ဇယား ၃၂ | စာသင်ကျောင်းဆောင် အခြေအနေ | ၆၁ |
| ဇယား ၃၃ | ပညာရေး အခက်အခဲ နှင့် ပြဿနာများ | ၆၂ |
| ဇယား ၃၄ | အဖြစ်များသော ရောဂါများ | ၆၂ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၆၃ |
| ဇယား ၃၆ | ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ | ၆၄ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၆၅ |
| ဇယား ၃၈ | သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစား) | ၆၆ |
| ဇယား ၃၉ | ကျား-မရေးရာ | ၆၇ |
| ဇယား ၄၀ | ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၆၈ |
| ဇယား ၄၁ | ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ | ၆၉ |
| ဇယား ၄၂ | ရေကြောင်း သယ်ယူပို့ဆောင်ရေး | ၆၉ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၇၀ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၇၀ |
| ဇယား ၄၅ | ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ | |
| | အခြေအနေ | ၇၁ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ | ၇၁ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား | |
| | လက်လှမ်းမှီမှု | ၇၂ |

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၃

**နောက်ဆက်တွဲ (၃)**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား** ၇၅

**ကိုးကားစာရင်း** ၇၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမ၊နှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက် အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဖက်ဝန်းကုန်းကျေးရွာ

မြန်အောင်မြို့နယ်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်     ဩဂုတ်လ        ရက်

## ဖက်ဝန်းကုန်းကျေးရွာ ရာသီခွင်ဇယားပြမြေပုံ၊ မြန်အောင်မြို့နယ်



ဖက်ဝန်းကုန်းကျေးရွာ တည်နေရာပြမြေပုံ၊ မြန်အောင်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေ ဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက် ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုဖြစ်ပါသည်။ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်

ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာနှင့်ပထဝီအနေအထား**

ဖက်ဝန်းကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ရိုက်ကျေးရွာအုပ်စု၊ ဖက်ဝန်းကုန်းကျေးရွာ ဖြစ်ပါသည်။ မြန်အောင်မြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ဖက်ဝန်းကုန်းကျေးရွာသည် မြေပြန့်ဒေသဖြစ်ပါသည်။ ကျေးရွာ၏ အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ တောင်ယာမြေများသည် စပါးနှင့်ပဲ စိုက်ပျိုးရန်အတွက် အဓိကအားထားရာ ဖြစ်ပါသည်။

**(ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

ကျေးရွာသည် နှစ်စဉ်မိုးရေချိန်လက်မ (၅၀)ခန့် ရရှိပြီး၊ သဘာဝပေါက်ပင်များ မှာ ကုက္ကိုလ်၊ ဝါး၊ သရက်စသည့် သဘာဝပေါက်ပင်များ အလေ့ကျပေါက်ရောက်ရာ ဒေသလည်း ဖြစ်ပါသည်။ လယ်မြေများပေါ်တွင်မတ်ပဲ သီးထပ်စိုက်ပျိုးသည့် ဧကမှာ(၄၉၉)ဧကရှိပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၀၂) စုနှင့် ကျား(၂၀၄)၊ မ(၃၁၈) ဦးဖြင့် လူဦးရေပေါင်း (၅၂၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅) ဦးထက် လျော့နည်းနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနှင့် ကရင်လူမျိုးများနေထိုင်ကြပြီး၊ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏(၈၀%)ရှိပြီး၊ အမျိုးသားမှာ အမျိုးသမီးအရေအတွက်ထက် (၅%) လျော့နည်းနေပြီး အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ ယေဘူယျအားဖြင့် သင့်တင့်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ် မှုတွင်

အိမ်ထောင်စုအားလုံး၏ (၄%)ခန့်သာ ဥစ္စာခနပြည့်စုံပြီး (၃၀%) ခန့်မှာ အသင့်အတင့်ချောင်လည်ကာ (၄၀%)ခန့်မှာ ဆင်းရဲကြပြီး အိမ်ထောင်စု (၂၆%)ခန့်မှာ အလွန်ဆင်းရဲကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၃၀)စု၊ ကိုယ်ပိုင်စိုက်ပျိုးရေး အနည်းငယ် လုပ်ကိုင်သည့် မပြေလည်သော အိမ်ထောင်စု(၅၃)စုနှင့် ကျေးရွာရှိ အိမ်ထောင်စု၏ (၂၅%) သည် မြေမဲ့ယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသော အဆင့်များတွင် ရှိနေပြီး လူများစုလည်း ဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေမဲ့ယာမဲ့ အိမ်ထောင်စု အရေအတွက်မှာ လေးပုံတစ်ပုံခန့် ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက ဝင်ရောက်လုပ်ကိုင် ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု များ၏ (၁၀%) ဖြစ်သော အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၂၀%)ခန့်မှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့်၊ (၄၀%)ခန့် သူတစ်ပါး ထံမှ မချေးငှားဘဲ (၃) လမှ (၅) လခန့်နှင့် (၄၀%)ခန့်မှာ သူတစ်ပါးထံမှမချေးငှားဘဲ (၆) လ မှ (၁၂)လအထိ နပ်မှန်အောင် စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေး တင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၁၀၀၀၀၀ိ/-) ကျပ်မှ (၅၀၀၀၀၀ိ/-) ကျပ်အထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျေးရွာသမဝါယမ အသင်းမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုပုံမှာ စားသုံးရန်၊ ရင်းနှီးမြုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များ အတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရ အလုပ်အကိုင်များ၊ ပညာရေး တို့အတွက် ဒုတိယ အနေအထားတွင် သုံးစွဲကြသည်။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စု များမှာ မိသားစုစောင့်ရှောက်မှုနည်းသူ သက်ကြီးရွယ်အို များမရှိကြောင်း တွေ့ရှိ ရပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှု အသင့်အတင့် တွေ့ရှိရပြီး ကျန်အမျိုးအစားများကို နိမ့်သည့်အနေအထားတွင် တွေ့ရှိရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအတွက် အုပ်စုလိုက် ခွဲခြားသတ်မှတ်ရာ တွင်လည်း ထိခိုက်သက်ရောက်မှု မြင့်မားကြောင်း တွေ့ရသည်။

## (ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ မူလတန်းတွင် (၆၀' ၃၀')အုတ်တိုက်ကျောင်းဆောင်(၁) ဆောင်တို့ရှိပြီး အမိုး၊ နံရံ၊ အခင်း အရည်အသွေးများ ကောင်းမွန်းလျက် ရှိပါသည်။ ကျောင်းဆရာ/မဦးရေ (၃) ဦးရှိပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေ သော ကျောင်းသား/သူများမှာ မူလတန်းတွင် ကျား(၁၁) ဦး၊ မ(၂၈) ဦး၊ စုစုပေါင်း(၃၉) ဦး၊ အလယ်တန်းတွင် ကျား(၈) ဦး၊

မ(၉) ဦး၊ စုစုပေါင်း (၁၇) ဦး၊ အထက်တန်းတွင် ကျား(၃) ဦး၊ မ(၂) ဦး၊ စုစုပေါင်း (၅) ဦး၊ တက္ကသိုလ်/ကောလိပ် တွင် ကျား(၅) ဦး ၊ မ(၄) ဦး၊ စုစုပေါင်း(၉) ဦး မူလတန်းအရွယ်များပြီး အခြားကျောင်းနေအရွယ် နည်းပါးပါသည်။ ယခု လောလောဆယ်တွင် KG ကျောင်းသား (၁၀) ဦးရှိပြီး ကျောင်းဆောင် သီးသန့်မရှိ၍ ဖြစ်သလို သင်ယူနေရခြင်း၊ ဝန်ထမ်းအိမ်ယာ မရှိခြင်းတို့ ကြုံတွေ့ရပါသည်။ ကျောင်းသား/ သူများ အားလပ်ချိန် တွင်အပန်းဖြေကစားနိုင်နည့် ကစားကွင်းများ ပြည့်စုံမှု မရှိသေးပါ။ ကျောင်းသုံးပရိဘောဂ၊ စာရေးခုံ၊ ထိုင်ခုံတို့လည်း ပြည့်စုံမှု မရှိကြောင်း တွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်ခွင့် နည်းပါးခြင်းကြောင့် ကျွမ်းကျင် လုပ်သားနည်းပါး၍ အခြားနေရာများသို့ ဝင်ငွေနိမ့်အလုပ်များကိုသာ သွားရောက် လုပ်ကိုင်ရပါသည်။ ရပ်ရွာရှိမိရိုးဖလာလယ်ယာလုပ်ငန်းခွင်ရှိသော်လည်း ရာသီအချိန် ရာသီအချိန် ကာလကန့်သန့်ဖြင့်သာ ဝင်ငွေနိမ့်ပါးစွာ လုပ်ကိုင်ရ၍ အလုပ်စဉ်ဆက် မပြတ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်တွက် ကျွမ်းကျင်သော အလုပ်သမား၏ များဖြစ်စေရန် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ချိတ်ဆက်ဆောင်ရွက် ပေးနိုင်ပါက များစွာအဆင်ပြေနိုင်ပါသည်။

## (င) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသည် အင်ပင်ဆေးရုံနှင့် (၅) မိုင်ခန့်၊ ကျေးရွာအုပ်စု ကျေးလက် ဆေးပေးခန်းနှင့် (၁) မိုင်ခန့် ကွာဝေး၍ မြန်အောင်မြို့နယ် ဆေးရုံနှင့် (၂၀) မိုင်ကျော် ကွာဝေးပါသည်။ အုပ်စုကျေးလက်သားဖွားဆရာမ (၂) ဦးရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုများ အားလုံး ပုံမှန်ပြုလုပ်ပေးလျှက် ရှိပါသည်။

ကျေးရွာတွင် သွေးတိုးရောဂါ ဖြစ်ပွားမှု မြင့်မားကြောင်း တွေ့ရှိရပြီး၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး၊ ဆီးချို၊ အာဟာရချို့တဲ့မှု ရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရပါသည်။ ငှက်ဖျားရောဂါ၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊ HIV ၊တီဘီရောဂါနှင့် အသည်းရောင်(ဘီ၊စီ) ရောဂါများ ဖြစ်ပွားမှု မရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေး ထိုးနှံမှုများ ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။

## (စ) ကျား-မဆိုင်ရာဆက်နွယ်မှု

ကျား - မ ဆိုင်ရာအခွင့်အရေးဖြင့် ကျေးရွာတွင် တန်းတူရရှိပြီး ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ လုပ်ဆောင်ကြပါသည်။ ကျေးရွာရှိတန်ဆောင် တိုင် မီးထွန်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ သင်္ကြန်ပွဲတော် စသည့် ပွဲတော်များ ကျင်းပခြင်း၊ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုနှင့် ဂေါပကအဖွဲ့များ ပေါင်းစပ်၍ တရားစခန်းပွဲများ ကျင်းပကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည်

အမျိုးသမီးများထက် လုပ်အားခတန်းတူ ရရှိကြပါသည်။ ဒေသ အတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများအခန်းကဏ္ဍ နည်းပါးသေးကြောင်း တွေ့ရပါသည်။ မူလတန်းကျောင်း ပညာရေးမှ တက္ကသိုလ် ပညာရေးအထိ ကျား၊ မတန်းတူ အခွင့်အရေးရှိပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း အများစုနှင့်ဆိုင်သော သာရေး၊ နာရေးကိစ္စ များတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့၊ စာသင်ကျောင်း၊ မိဘဆရာအသင်းအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ပရဟိတအဖွဲ့ ဖြစ်ပါသည်။ ကျေးရွာသည် မြို့နှင့်ကွာဝေးသောကြောင့် နွေရာသီတွင် မီးဘေးကြိုတင် ကာကွယ်ရေး၊ မီးအသုံးပြုနည်းစနစ်များ ကောင်းစွာနားမလည်သောကြောင့် မီးဘေးအန္တရာယ် ကျရောက်ပါက ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်တတ်ပါသည်။ မြို့နယ် မီးသတ်ဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်း၊ အခြားသော ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် မီးဘေးအန္တရာယ် ကျရောက်မှုများမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး ကိစ္စကြီးငယ်ရှိလျှင် ဝိုင်းဝန်းဆောင်ရွက်သော အလေ့ အကျင့်ကောင်းရှိပါသည်။ စမ်းကျေးရွာအား ခြုံငုံသုံးသပ်ရလျှင် လူမှုရေးကိစ္စ ကြီးငယ်ဆောင်ရွက်လျှင် အားကောင်း ကြပြီး ဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိသေးပါ။

**(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ**

ဖက်ဝန်းကုန်းကျေးရွာတွင် မိုးစပါးနှင့် ပဲအမျိုးမျိုးတို့ကို အဓိက စိုက်ပျိုးကြသည်။ စိုက်ကေအဖြစ် ကေ(၄၉၉) ကေရှိပြီး၊တစ်ကေလျှင် မိုးစပါးပျမ်းမျှ (၅၀) တင်းခန့်၊ လယ်မြေပေါ်တွင် သီးထက်သီးနှံ မတ်ပဲစိုက်ကေ(၃၂၀) ကေရှိ၍ တစ်ကေလျှင်ပျမ်းမျှ မတ်ပဲ(၅)တင်းခန့်နှင့် ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့် ရရှိနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှ တောင်သူများအတွက် ဝန်ဆောင်မှုများ အသင့် အတင့်ပေးပါသည်။ တောင်သူအများစုသည် လုပ်ငန်းခွင်တွင် အလုပ်သမားရှားပါး မှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်း ပြဿနာများ၊ ကုန်ကျစရိတ် မြင့်မားမှုတို့နှင့် ရင်ဆိုင်နေရပါသည်။ကျေးရွာတွင် ဒေသထွက်မျိုးရင်းဖြစ်သော ဝက်၊ ဘဲ၊ ကြက် တို့ကိုသာ မွေးမြူကြပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ရောဂါများ ကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကု ဦးစီးဌာနတို့မှ ရရှိနိုင်သော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုတို့ကြောင့် လွှမ်းခြုံဆောင်ရွက်

ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့် အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့မှုရရှိရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ချေ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်း များမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ ဈေးရောင်းခြင်းနှင့် အစိုးရဝန်ထမ်း လုပ်ငန်းများ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစား အလိုက် တွက်ခြေကိုက်မှု နည်းပါးမှု အနေအထားတွင် ရှိသည်။ လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာ တွင် အလုပ်လုပ်ကိုင်နေသော လူဦးရေ များပြားခြင်းသည် ကျေးရွာ၏ အလားအလာ ကောင်း တစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများအား တက်ရောက် နိုင်မှု နည်းပါးပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ဖက်ဝန်းကုန်းကျေးရွာတွင် စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတု ဓာတ်မြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းနေပါသည်။ တောင်သူများအနေဖြင့် ဘက်စုံစီမံခန့်ခွဲမှုတွင် ပလတ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် သည်။

ဖက်ဝန်းကုန်းကျေးရွာသည် မြေပြန့်ဒေသအပိုင်းတွင်တည်ရှိသော်လည်းကြီးမှုဒဏ် နှစ်စဉ် ခံစားရခြင်းမရှိပေ။ မြေပြန့်ဒေသ ဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေး အန္တရာယ်တို့ တစ်ခါတစ်ရံ ဖြစ်ပေါ်လေ့ရှိပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ**

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေကို တစ်လအတိုးနှုန်း (၀.၈၀) ကျပ်တိုးနှုန်း၊ ၁ ဧက(၁၅၀၀၀၀/-) ကျပ်နှုန်းဖြင့် အများဆုံး(၁၀) ဧကအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရ လုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲသော အိမ်ထောင်စု များ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ငွေ ပမာဏသည် (၁၀၀၀၀၀/-) ကျပ်မှ (၅၀၀၀၀၀/-) ကျပ်အထိရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၆၀'x၃၀') (၁)ဆောင်ရှိပြီး သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်း ကျောင်းများဖြင့် ပညာသင်ကြားပေးသည်။ ကျေးရွာသားအားလုံး ရေးတတ်ဖတ်တတ်ကြသည်။ ကျေးရွာကျောင်းတက်နှုန်းမှာ အလယ်အလတ်အဆင့်သာရှိပါသည်။ကျောင်းတွင် ဆရာ/မ စုစုပေါင်း(၃)ဦးနှင့် ကျောင်းသား/သူပေါင်း (၃၉) ဦးတို့ဖြင့် ပညာသင်ကြားနေပါသည်။ ဆရာတပည့် အချိုးညီမျှသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ရှိသော်လည်း ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ။

သောက်သုံးရေအတွက် ရေတွင်း ၊ လက်နှိပ်ရေတုံကင်၊ အဝီစိစက်တပ်တွင်း များရှိ၍ ရေရရှိပြီး လုံလောက်မှုရှိပါသည်။ တစ်ရွာလုံးတွင် အိမ်သာ (၁၀၂) လုံးရှိပြီး၊ ကွန်ကရစ်ခွေ၊ အုတ်၊ ဝါးတိုင်ပတ်ဖြင့် လည်းကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ ကျန်းမာရေးအသိပညာဗဟုသုတများ အားနည်းကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု ရံဖန်ရံခါ ဖြစ်ပွားပါသည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းများတွင် လုံလောက် သော အိမ်သာများ စနစ်တကျ ဆောက်လုပ် ထားကြောင်း တွေ့ရှိရပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သော နေရာသီးသန့် မရှိသော်လည်း ကျေးရွာပိုင် ဘောလုံးကွင်းရှိပါသည်။ လူငယ်များအနေဖြင့် ဘာသာရေးပွဲများနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

## (ဇ) အခြေခံအဆောက်အဦ-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်

ကျေးရွာရှိ လမ်းအများစုမှာ မြေသားလမ်းဖြစ်ပြီး၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများကို အသုံးပြုသွားလာကြပါသည်။ ကုန်းလမ်း ဆက်သွယ်ရေးအတွက် ဆိုင်ကယ် (၁၀၉) စီး၊ စက်ဘီး (၁) စီး၊ တို့ဖြင့် အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိပါ။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု များအတွက် လက်လှမ်းမှီ အသုံးပြုနိုင်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်၊ အမှုအခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာသူ/သား များသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေးပါ။ ကျေးရွာသူ/သားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများ နည်းပါးပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့် အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လူဦးရေအားလုံး၏ (၇၀%)မှ အလုပ်လုပ်နိုင် သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေး ခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘူယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း အင်ပင်တိုက်နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူနိုင်သည်။ သဘာဝ အရင်းအမြစ်အနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်သည်။ မိုးရွာသွန်းမှုမှာ စပါး စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာသည် ဟသ်ာတ-မြန်အောင်-ဆုံကုန်းလမ်းနှင့် နီးစပ်ပါသည်။ ဟသ်ာတ၊ မြန်အောင်၊ ပုသိမ်နှင့် ရန်ကုန်မြို့များသို့ ကားလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချ နိုင်ပါသည်။ မွေးမြူရေး ထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာ ဆိုင်ရာပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှု များကို ပြုလုပ်ပါက အထူးတိုးတက် လာနိုင်ပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုများ နည်းသဖြင့် တည်ငြိမ်အေးချမ်း မှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ချောမွေ့စေသည်။ ကျေးရွာသူ/ သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ် များအတွက်လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင် သည်။

### (ခ) အဟာရနှင့် အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတအရင်းအမြစ်များ ထွက်ရှိခြင်းမရှိပေ။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်သော်လည်း လက်ရှိမြေပေါ်တွင် ထုတ်လုပ်တိုးမြှင့်ရန်ဆောင်ရွက်ကြပါသည်။ သီးနှံများမှာ ရာသီဥတုဖောက်ပြန်ပါက ပိုးမွှားများ ကျရောက်သည့် အန္တရာယ်ကို ကြုံတွေ့ရပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာသင်ကျောင်းမှာ ကြံ့ခိုင်မှုပိုင်းတွင် အားနည်းမှု ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာန ရှိပြီး ဆေးဝါး လုံလောက်မှု မရှိသဖြင့် အရေးပေါ်ရောဂါများ ဖြစ်ပွားပါက မြန်အောင်မြို့နယ် ဆေးရုံသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ် အကိုင်အခွင့်အလမ်းများဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား တိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန် သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက် အဦများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီး ကျေးရွာပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရေအသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန် အတွက် မြို့နယ်ရှိဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာ များနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။

(ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက် နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်း များသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိ စေပြီး ဝင်ငွေရ လုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(ခ.၃)ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းနှင့် ပရိဘောဂအသုံးအဆောင် ပစ္စည်းများအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။

(ခ.၄) ကျေးရွာတွင် ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းတို့ကို ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက် အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့ တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရ ဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော် တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ် သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ် ပမာဏ ပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင် ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ မတ်ပဲ ရာသီပေါ်သီးနှံများ အဖြစ် စိုက်ပျိုးပါသည်။ သို့သော် ယာလုပ်သား ရှားပါးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် ယာလုပ်ငန်းခွင် အချိန်မီပြီးစီးရန် အနည်းငယ်အခက်အခဲ တွေ့ကြုံရတတ်ပေသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် ဈေးကွက် ဖော်ဆောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးခြင်း

ဖက်ဝန်းကုန်းကျေးရွာတွင် လူငယ်အချို့အား ၎င်းတို့ဘဝ တိုးတက်ရာ အာမခံချက် ပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ချိတ်ဆက်ကူညီ ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက် များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက် များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များ အတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက် လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွား ကြပါမည်။

သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေး အန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ဆိုသလို ပြောင်းလဲမှု မရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင် လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွား ကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ် ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာန များအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စု

သတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှု တို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန် များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေ နိုင်သည်။ ရင်းနှီးမြှပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုပူးတွဲပါ ဇယားဖြင့် ဖော်ပြ ထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်း စနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထား ပါသည်။

| စဉ် | ကဏ္ဍ | ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်း | ရ မှတ် | ဦးစား ပေး အဆင့် |
|---|---|---|---|---|
| ၁ | အဆောက်အဦ | ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ၁၀၀ | ၁ |
| ၂ | အုပ်ချုပ်ရေး/စီမံ | မီးသတ်ရေကန်တည်ဆောက်ခြင်း | ၇၀ | ၂ |
| ၃ | အုပ်ချုပ်ရေး/စီမံ | မီးသတ်ရေကန်တည်ဆောက်ခြင်း | ၆၅ | ၃ |
| ၄ | ပညာရေး | KGကျောင်းဆောင်ဆောက်လုပ်ခြင်း | ၅၅ | ၄ |
| ၅ | အဆောက်အဦ | ကျေးရွာပိုင်စာကြည့်တိုက်တည်ဆောက်ခြင်း | ၅၀ | ၅ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရာတွင် ထည့်သွင်းပေးမည်။

| စီမံချက် | | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ၁ | ✔ | | | | |
| ၂ | မီးသတ်ရေကန်တည်ဆောက်ခြင်း | ၂ | | ✔ | | | |
| ၃ | မီးသတ်ရေကန်တည်ဆောက်ခြင်း | ၃ | | | | | |
| ၄ | KGကျောင်းဆောင်ဆောက်လုပ်ခြင်း | ၄ | | | | ✔ | |
| ၅ | ကျေးရွာပိုင်စာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) ကိုးကားရန် ပမာဏသာ ဖြစ်သည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊ သဲ၊ ကျောက်ပစ္စည်းကိရိယာ၊အချိန်စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံး စရိတ် | စွမ်းဆောင် ရည်မြှင့်တင် ရေး | |
| ၁ | ကျေးရွာတွင်းလမ်းချောင်း ကျောက်ခင်းခြင်း | | | ✔ | | |
| ၂ | မီးသတ်ရေကန်တည် ဆောက်ခြင်း | | | ✔ | | |
| | မီးသတ်ရေကန်တည် ဆောက်ခြင်း | | | | | |
| ၄ | KGကျောင်းဆောင်ဆော က်လုပ်ခြင်း | | | ✔ | | |
| ၅ | ကျေးရွာပိုင်စာကြည့်တိုက် တည်ဆောက်ခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ– မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ– မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည် လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုး အစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ် ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အ စည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်း တွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင် လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတား ပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့ သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင် ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင် ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်ဆိုင်ရာ

တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

-စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

-အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊

-ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

( ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

-ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

-(၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

-ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊

-ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂)မျက်နှာ၊ (၃)မျက်နှာခန့်ပါဝင်၍

အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း /ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြ နိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည် ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

